ကိုင်းကွင်းကျေးရွာ

ကိုင်းကွင်းကျေးရွာအုပ်စု၊ ပေါင်းတည်မြို့နယ်

ပဲခူးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်
ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ကိုင်းကွင်းကျေးရွာ၊ ပေါင်းတည်မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ

0008000

တည်နေရာနှင့် ပထဝီအနေအထား

ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(m) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ
စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(o) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ
ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(u))

(c) OQOGq:

(o)းမာေ

(ao) Goo:aagqooS+êသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(e) ozo:-o GGl:qo

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

qoc;aocBoàqp: qocBaocBoà(o)

နောက်ဆက်တွဲ(၁) ဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယား

## (က) တည်နေရာနှင့်ပထဝီအနေအထား

ကိုင်းကွင်းကျေးရွာသည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ အုပ်စုရွာအဖြစ် တည်ရှိပြီး ပေါင်းတည်မြို့မှ အရှေ့မြောက်ဘက် (၂၄) မိုင်အကွာ သစ်ပုတ်အုပ်စုနှင့်ကျောက်တံခါးအုပ်စုသို့ ဆက်သွယ်ထားသော တောင်ပေါ်ကျေးလက်မြေသားလမ်းပေါ်၌တည်ရှိပါသည်။ အရှေ့ဘက်တွင် ကျောက်တံခါးကျေးရွာ၊ တောင်ဘက်တွင် ဝဲကြီးရေလှောင်တမံ ၊ အနောက်တောင်ဘက်တွင် ပန်းတက်မြောင်ကျေးရွာ၊အနောက်ဘက်တွင် တောင်ခမောက်ကျေးရွာတို့ တည်ရှိပါသည်။ပေါင်းတည်မြို့မှ (၂၄) မိုင်ခန့် အကွာတွင်တည်ရှိပြီး ပေါင်းတည်-ပေါက်တောလမ်းမကြီး ၇မိုင်၊ ပေါက်တော ကျေးရွာမှ ပြန်ချီတက် ကျေးရွာအထိ (ခရိုင်ချင်းဆက်လမ်း) ၁ဂမိုင်၊ ပြန်ချီတက်ကျေးရွာမှ ကိုင်းကွင်းကျေးရွာအထိ (တောင်ပေါ် ကျေးလက်လမ်း) ၇ မိုင်ခန့်တို့ ဖြစ်ပါသည်။ အုပ်စုတွင်းကျေးရွာအဖြစ် ကိုင်းကွင်းနှင့် ပန်းတက်မြောင် (၂) ရွာရှိပြီး ယင်းကျေးရွာ(၂)ရွာအား တိုက်ရိုက်ဆက်သွယ်ထားသော လမ်းမရှိသေးပါ။ ကိုင်းကွင်းကျေးရွာသို့ ဆက်သွယ်ထားသော အခြားလမ်းများမှာ ကိုင်းကွင်း-ကျောက်တံခါး မြေသားလမ်း၊ ကိုင်းကွင်း ဝဲကြီးဆည် စက်လှေဆိပ်မြေနီလမ်း (မြေနီခင်းရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရန်ပုံငွေကျပြီး)၊ ကိုင်းကွင်း-တောင်ခမောက် မြေသားလမ်းတို့ဖြင့် ဆက်သွယ်ထားပါသည်။ ကျေးရွာသည် တောင်ပေါ် ဒေသတွင်တည်ရှိပြီး မိုးဦးရာသီများ၌ လေပြင်းအန္တရာယ်များတွေ့ကြုံရလေ့ရှိပါသည်။ အုပ်စုအတွင်း ဖြတ်သန်းစီးဆင်းနေသော သရက်ချဉ်ချောင်းရှိသော်လည်း ကိုင်းကွင်းကျေးရွာအတွင်း ဖြတ်သန်း စီးဆင်းခြင်းမရှိပေ။ ကိုင်းကွင်းကျေးရွာမြောက်ဘက်မှ ဝဲကြီးရေလှောင်တမံ အတွင်းသို့စီးဆင်းလျှက် ရှိပါသည်။

## (ခ) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်ပျမ်းမျှမိုးရေချိန်လက်မ (၅ လက္ခ )ခန့်ရှိပါသည်။ သဘာဝပေါက်ပင်များမှ ကုက္ကို၊ သရက်၊ ငှက်ပျော၊ မန်းကြည်းပင်များ ပေါက်ရောက်ပါသည်။ မိုးစပါးစိုက်ပျိုးနိုင်သော လယ်(၃၀၁) ဧက ရှိပြီး ဝဲကြီးရေလှောင်တမံ၏ အထက်၌ တည်ရှိသည့်တောင်ပေါ်ဒေသဖြစ်သည့်အတွက် နွေစပါးစိုက်ပျိုးနိုင်ခြင်း မရှိပါ။ယာစိုက်ပျိုးမြေဧက (၁၆၀၁)ရှိပြီး မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲနောက်၊ ပင်းစင်းငုံ၊ ပြောင်းသီးနှံများအား အဓိကထား စိုက်ပျိုးကြပါသည်။ ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိပြီး မိုးဦးကာလနှင့် မိုးရာသီများ၌ လေပြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြုံတွေ့ရလေ့ရှိပါသည်။ စိုက်ပျိုးသီးနှံများအတွက် သဘာဝ မိုးကျရေတစ်မျိုးတည်းကိုသာ အားထားစိုက်ပျိုးနိုင်သော ကျေးရွာဖြစ်ပါသည်။

## ၃။ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အများနှင့်ဆိုင်သော သာရေး နာရေးလုပ်ငန်းများ၊ ကိစ္စများအား ရပ်ရွာပြည်သူလူထု အင်အားဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကျေးရွာမှ လူထုအခြေပြု အဖွဲ့အစည်းများမှာ ရပ်မိရပ်ဖများ ပါဝင်သော အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ လမ်းကော်မတီ အဖွဲ့၊ မိဘဆရာအသင်းနှင့် ဂေါပကအဖွဲ့တို့ရှိပါသည်။ ၎င်းအဖွဲ့များသည် ကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အခြားကိစ္စကြီးငယ်များရှိပါက ပြည်သူများနှင့် ပူးပေါင်း၍ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိပါ။ ကိုယ်ထူကိုယ်ထကျေးရွာမှ လိုအပ်ချက်အရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြစ်သဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်မှု အားနည်းနေပါသည်။ (စာရင်းကိုင်စီမံခန့်ခွဲမှု၊ မှတ်တမ်းရေးမှတ်မှု၊ ခေါင်းဆောင်နိုင်မှု) စသည်တို့အတွက် အသိပညာများ ပံ့ပိုးပေးပါက ရေရှည်တည်တံ့သော အဖွဲ့အစည်းများ ဖြစ်လာနိုင်ပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာမှ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ မိုးစပါးအား စိုက်ပျိုးမြေဧက (၃၀၁) ဧက စိုက်ပျိုးနိုင်ပြီး အခြားသီးနှံများအဖြစ် နှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ တို့အား အဓိက အားထားစိုက်ပျိုးပါသည်။ နှစ်စဉ်ကျေးရွာမှ မိုးစပါးတင်းရေ(၁၀၀၀၀)ထိ ထွက်ရှိပြီး အထွက်နှုန်းမှာ စပါးမျိုးကွဲအလိုက် ကွာဟမှု ရှိပါသည်။ မိုးစပါးကို ဝါဆိုလ (၁)ရက်နောက်ပိုင်းနှင့် ဝါခေါင်လများတွင် စတင်စိုက်ပျိုးကြပြီး တန်ဆောင်မုန်းလ၊ နတ်တော်လများတွင် ရိတ်သိမ်းကြပါသည်။အဓိကစိုက်ပျိုးသော စပါးမျိုးများမှာ အင်းလယ်၊ တင်းတစ်ရာ၊ ရှမ်းရွှေလီ၊ ပေါ်ဆန်းမွှေး တို့ဖြစ်ကြပါသည်။

စပါး၊ မတ်ပဲ၊ ပဲတီစိမ်းများ ဈေးမကောင်းခြင်း၊ သွင်းအားစုများဖြစ်သော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် လုပ်သားဈေးနှုန်းများ မြင့်မားခြင်းတို့ကြောင့် အကျိုးအမြတ်ရရှိမှု နည်းပါးပါသည်။ လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်မှုမှ ဝင်ငွေနည်းပါးသဖြင့် လူငယ်များသည် ပြင်ပသို့ ထွက်၍ ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံ ထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။

မွေးမြူရေးလုပ်ငန်းအနေဖြင့် နွား၊ ဝက်၊ ကြက်၊ ဘဲ စသည်တို့ကို တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပါသည်။ လယ်ယာလုပ်ငန်း၌ စက်ယန္တရားများ အသုံးပြုနိုင်မှု အားနည်းနေဆဲ ဖြစ်ပြီး ခိုင်းနွားများကိုသာ အဓိက အားထားနေရဆဲ ဖြစ်ပါသည်။

ငါးမွေးမြူရေးလုပ်ကိုင်ရန် ကန်၊ တမံများရှိခြင်း၊ ရေအရင်းအမြစ်ဖန်တီးရယူနိုင်ခြင်းဟူသော အခွင့်အလမ်းများရှိသော်လည်း ရင်းနှီးမြှုပ်နှံမှု ငွေကြေးနှင့် နည်းပညာဝန်ဆောင်မှုများ လိုအပ်နေသေးသဖြင့် လက်ရှိ အနေအထားအရ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဝဲကြီးဆည် ဧရိယာအတွင်း နေထိုင်သော အိမ်ထောင်စုများမှ တပိုင်တနိုင်ပိုက်ချ ငါးဖမ်းခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ လက်လုပ်လက်စား အလုပ်သမားများအနေဖြင့် နေ့စားအလုပ်သမား များအဖြစ် ပေါင်းသင်းခြင်း၊ မြက်နှုတ်ခြင်း စသော ရာသီအလိုက် လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာရှိ အိမ်ခြေ(၆၀%)မှာ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး အိမ်များဖြစ်ပြီး၊(၃၀%) မှာ ထရံကာ၊ ပျဉ်ခင်း၊ သွပ်မိုး အိမ်များဖြစ်၍ (၁၀%)မှာထရံကာ၊ ဝါးကြမ်းခင်းနှင့် သက်ငယ်မိုးအိမ်များ ဖြစ်ပါသည်။ အများအားဖြင့် ခြံစည်းရိုးကာရန်ထားခြင်းမရှိဘဲ လိုသလို ဝင်ထွက်သွားလာနိုင်သော မိသားစုဆန်သော အခြေအနေတွင် ရှိပါသည်။ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်းတစ်ကျောင်းရှိပြီး မူလတန်းကျောင်းမှာ ဘုန်းတော်ကြီးကျောင်းခြံဝန်း (သာသနာ့နယ်မြေ)အတွင်း၌ တည်ရှိနေပါသည်။ မြေနေရာအတွက် အလှူရှင်များမှ အတိုင်းအတာသတ်မှတ်လှူဒါန်းထားပြီးဖြစ်သဖြင့် သက်ဆိုင်ရာ အထက်ဌာနများမှ ကူညီဆောင်ရွက်ပေးမည်ဆိုပါက အမြန်ဆုံးခွဲထွက်နိုင်မည်ဖြစ်ပါသည်။

ကျေးရွာတွင်းလမ်းမှာ တောင်မြောက်ပေ (၂၅၀၀)၊ အရှေ့အနောက်ပေ (၂၅၀၀) နီးပါးရှိပြီး မြေနီလမ်းအမျိုးအစားဖြစ်ပါသည်။ အခြားမြေသားလမ်း(၄)လမ်းရှိပါသည်။ ရွာလမ်းမှာ T ပုံသဏ္ဍာန်ဖြစ်ပါ သည်။

ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေအဖြစ် အုတ်စီရေတွင်း(၅)တွင်း ရှိပါသည်။ မြေသားရေကန် (၂)ကန်ရှိပြီး သုံးရေအတွက် အဆိုပါရေကန်(၂)ကန်အား အသုံးပြုလျှက်ရှိပါသည်။ ဝဲကြီးဆည်အတွင်းမှ လှည်းဖြင့် သယ်ယူခြင်းများလည်းရှိသည်။ ပူပြင်းခြောက်သွေ့သော နွေရာသီကာလ၌ သောက်ရေတွင်းများ ခမ်းခြောက်လေ့ရှိသဖြင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှုပြဿနာအား နှစ်စဉ် ကြုံတွေ့ရလေ့ရှိပါသည်။

ကိုင်းကွင်းကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း(၁)ကျောင်းရှိပြီး နှစ်စဉ် ပညာသင်ကြားလျှက်ရှိသော ကျောင်းသား၊ သူဦးရေ (၅၀ မှ ၆၀) အထိရှိပါသည်။ မူလတန်းကျောင်းအုပ်(၁)ဦးနှင့် မူပြဆရာ/မ (၂)ဦးသာရှိပြီး ဆရာ/ဆရာမအင်အား လုံလောက်မှုမရှိပါ။ စာသင်ကျောင်း အဆောက်အဦးမှာ ဘုန်းတော်ကြီးကျောင်းဝန်းအတွင်း၌ရှိပြီး သွပ်မိုး၊ ဖျဉ်ကာ အဆောက်အဦးဖြစ်ပါသည်။ သွပ်အမိုးများပေါက်ပြဲနေ၍ မိုးမလုံခြင်း၊ ဖျဉ်အကာများ ဆွေးမြေ့ပျက်စီးနေခြင်း၊ အခင်းမရှိသဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မြေကြီး၌ စာသင်ကြားနေရခြင်း စသည့်အခက်အခဲများကြုံတွေ့နေရပါသည်။ မိုးရာသီလေပြင်းတိုက်ခတ်လေ့ရှိသောကာလများ၌ အချိန်မရွေး ပြိုကျပျက်စီးနိုင်ပါသဖြင့် ကျောင်းသား/ကျောင်းသူများအတွက် အလွန်အန္တရာယ်ရှိသော အခြေအနေနှင့် ကြုံတွေ့နေရပါသည်။ ဘုန်းတော်ကြီးကျောင်းဝန်းအတွင်း၌ သိမ်နှင့်ဆွမ်းစား ကျောင်းဆောင်ကဲ့သို့သော သာသနိက အဆောက်အဦးများရှိပါသည်။

ကျေးရွာမီးလင်းရေးနှင့်ပတ်သတ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်၌ ဆိုလာမီးလင်းရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ပင်မဓာတ်အားလိုင်းနှင့် ၁၀ မိုင် အထက်ဝေးသော ကျေးရွာဖြစ်သဖြင့် အခြားလျှပ်စစ်မီးလင်းရေး စီမံကိန်းများ လျာထားရာ၌ ပါဝင်ခဲ့ခြင်းမရှိပဲ ဆိုလာစနစ်ကိုသာ အားကိုးအားထား ပြုနေရပါသည်။ ဝပ်အား (၆၀)နှင့်(၁၀၀) ဟူ၍ နှစ်မျိုးခွဲခြားထုတ်ပေးခဲ့ပြီး မီးထွန်းရန်နှင့် ဖုန်းအားသွင်းရန်အတွက်သာအသုံးပြုနိုင်ပါသည်။

ကိုင်းကွင်းကျေးရွာ၌ ပို့ဆောင်ရေးအတွက် ဆိုင်ကယ်၊ လှည်းနှင့် စက်လှေ တို့ကိုသာ အသုံးပြုသွားလာနေကြပါသည်။ ဆိုင်ကယ်စီးရေ (၁၁၅) စီးရှိပြီး ကျေးရွာအထိ မြေနီလမ်းမရှိသေးသည့်အတွက် နွေရာသီ၌ သာ အသုံးပြုနိုင်ပါသည်။ နွားလှည်းအား ကျေးရွာ၌ လုပ်ငန်းသုံးအဖြစ် အသုံးပြုလျှက်ရှိပြီး (၁၂၅) ရှိပါသည်။ မိုးရာသီ၌ ဝဲကြီးဆည်သို့ စက်လှေဖြင့် ဆက်သွယ်သွားလာနိုင်ပြီး စက်လှေအသေး (၁)စီးရှိပါသည်။ အခြားလက်လှေအနည်းငယ်ရှိပြီး တပိုင်တနိုင် ငါးဖမ်းပိုက်ချရာတွင် အသုံးပြုလျှက်ရှိပါသည်။

ကျေးရွာတွင် ဆက်သွယ်ရေးအတွက် အသုံးပြုနေသော ဖုန်းအရေအတွက်မှာ (၁၅၀)လုံး ရေဒီယို(၂၀)လုံး၊ တီဗွီ(၁၅)လုံး တို့ဖြစ်ပါသည်။ ဂြိုလ်ထု၊ စလောင်းတို့မှာ ဓာတ်ခဲ၊ ဘက်ထရီအိုးများဖြင့် အသုံးပြုရသည့်အတွက် အရေအတွက်ရှိသလောက် အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်ခြင်းမရှိပါ။ သုံးစွဲနိုင်မှု အားနည်းနေသည်ကိုတွေ့ရှိရပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁)ဧကလျှင် (၁၅၀၀၀၀ိ/-) နှုန်းဖြင့် ထုတ်ချေးပါသည်။ အခြားအသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်ရန်၊ တပိုင်တနိုင်မွေးမြူရေးနှင့် ရောင်း/ဝယ်ရေး အတွက်တောင်သူလယ်သမားများသာမကဘဲ အခြားလက်လုပ်လက်စားများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းမဟုတ်သော သူများအတွက်ပါ ချေးငွေဝန်ဆောင်မှုများစွာ လိုအပ်နေပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်ကဲ့သို့သော ချေးငွေဝန်ဆောင်မှုများ လည်းလိုအပ်လျှက် ရှိပါသည်။

## (င) ပညာရေး

ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ အလယ်တန်းအား ကျေးရွာနှင့် အနီးစပ်ဆုံးဖြစ်သော သစ်ပုတ်အုပ်စု၊ တောင်ခမောက် ကျေးရွာသို့ သွားရောက်ပညာသင်ယူရပါသည်။ အထက်တန်းပညာ ဆက်လက်သင်ကြား၊ သင်ယူလိုသူများအနေဖြင့် ကျေးရွာနှင့် အနီးစပ်ဆုံးဖြစ်သော မှတ်တိုင် (အ.ထ.က)၊ ပေါင်းတည်(အ.ထ.က) နှင့် ပေါက်ခေါင်း(အ.ထ.က)များသို့ သွားရောက်ပညာသင်ယူရပါသည်။ ကျေးရွာမှ ပညာရေးအဆင့်အတန်းမှာ အသင့်အတင့်သာရှိပါသည်။ ယခင်က အခြေခံပညာမူလတန်းကျောင်းပြီးဆုံးသည်နှင့် ကျောင်းထွက်၍ လယ်ယာလုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်သူများပါသည်။ ယခုအခါ ပညာရေးကိုအားပေးသည့်အလျောက် အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာတက်ရောက်သင်ယူသူများပြားလာသည်ကို တွေ့ရှိရပါသည်။ ဆရာ/ ဆရာမအင်အားလုံလောက်မှုမရှိဘဲ ယခု (၂၀၁၈-၂၀၁၉) ပညာသင်နှစ်၌ ကျောင်းအုပ်ဆရာမကြီး(၁)ဦးနှင့် မူလတန်းပြ ဆရာမ(၁)ဦး စုစုပေါင်း (၂)ဦး ဖြင့်သာ အခက်အခဲများစွာဖြင့် သင်ကြား/သင်ယူခဲ့ရပါသည်။ ပညာရေးကဏ္ဍနှင့် ပါတ်သတ်၍ စာသင်ကြားနေရသော နေရာထိုင်ခင်းအခက်အခဲနှင့် ဝန်ထမ်းအင်အား လိုအပ်မှုစသည့် အခက်အခဲများ ကြုံတွေ့နေရပါသည်။

**(စ) ကျန်းမာရေး**

ကျေးရွာသူ၊ ကျေးရွာသားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ပြန့်ပွားမှု မရှိသလောက်နည်းပါးပါသည်။ နှစ်စဉ် မိုးရာသီ၌ ကလေးသူငယ်များသည် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော ရောဂါများ ဖြစ်ပွားတတ်ကြပြီး လူငယ်၊ လူကြီးများ၌လည်း ရာသီတုပ်ကွေးရောဂါ ကူးစက်ခံရတတ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ ထုတ်ကုန်သီးနှံများဈေးကောင်းမရောင်း ရ၍ စီးပွားရေးကျပ်တည်းခြင်း၊ ဟင်းသီးဟင်းရွက်နှင့် ပဲမျိုးစုံ စိုက်ပျိုးခြင်းထက် ဝယ်ယူစားသုံးခြင်းက များသည့်အတွက် သန့်ရှင်းလတ်ဆတ်မှုအားနည်းခြင်းတို့ကြောင့် အာဟာရချို့တဲ့မှုရှိနေသည်ကိုတွေ့ရပါ သည်။ အများအားဖြင့် အသား၊ ငါး၊ ပဲစသည်တို့ကို အချိုးမှန်ကန်စွာမစားသုံးနိုင်ဘဲ ရာသီပေါ် သီးနှံများကိုသာ ဦးစားပေး စားသုံးရပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာနှင့်(၁၀)မိုင် ကွာဝေးသော လက်ပံခုံကျေးရွာ ကျေးလက်ဆေးပေးခန်းမှရရှိပါသည်။ ကျန်းမာရေး (သားဖွား) ဆရာမ(၁) ဦးနှင့် ကြီးကြပ်ဝန်ထမ်း(၁)ဦးရှိပြီး လစဉ်ကျန်းမာရေးစောက်ရှောက်မှု ရှိပါသည်။ ဆရာမမှာ လက်ပံခုံ ကျေးရွာ၌ ဆေးခန်းထိုင်ပြီး ကလေးသူငယ်များအတွက် ကျန်းမာရေးအစီအစဉ်များ ကာကွယ်ဆေး တိုက်ကျွေးသော အစီအစဉ်များအား လစဉ်လာရောက်ဆောင်ရွက်လေ့ရှိပါသည်။ ကျေးရွာမှ ကျန်းမာရေး ရေရှည်ကောင်းမွန် စေရန်အတွက် ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ရန် မြေကွက်အားလည်း အလှူရှင် တစ်ဦးမှ လှူဒါန်းထားပြီးဖြစ်ပါသည်။ အဆောက်အဦးနှင့် ကျန်းမာရေးဝန်ထမ်းသာ လိုအပ်ပါတော့သည်။ (၁)ရွာလုံးယင်လုံ အိမ်သာသုံးစွဲသည်ကိုလည်း တွေ့ရှိရပါသည်။

**(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ် စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓာတုဗေဒ ကွန်ပေါင်း မြေဩဇာ အသုံးပြုခြင်း၊ သဘာဝဓါတ်မြေဩဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်စီးနေမှုများနှင့် ကြုံတွေ့နေရပါသည်။ သီးနှံအလိုက် အပင်အောင်ဆေး၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများ အသုံးပြုနေရသဖြင့် စားသုံးသူနှင့် သဘာဝမြေဆီလွှာ တိုက်ခိုက်မှုများရှိပါသည်။ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများမှ (ဓာတုဆေးဝါးများ) အန္တရာယ်နှင့် ဆောင်ရန်၊ ရှောင်ရန် လမ်းညွှန် ချက်များ အသိပညာဖြန့်ဝေရန်လိုအပ်လျှက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သစ်တော သစ်ပင်များ အထူးစိုက်ပျိုးကြရန်၊ တပိုင်တနိုင်ကျွန်းစိုက်ခင်းများစိုက်ပျိုးကြရန်နှင့် သစ်ပင်၊ ပျိုးပင်နှင့် နည်းပညာ အကူအညီပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးထားပြီဖြစ်သော သစ်တော၊ သစ်ပင်များ ကိုလည်း ခုတ်ထွင်ရှင်းလင်းခြင်း မပြုကြစေရေး သစ်တောဦးစီးဌာနမှ လစဉ်ဟောပြောပို့ချခြင်း၊ စောင့်ကြပ် ခြင်းများပြုလုပ်လျှက်ရှိပါသည်။

### (စ) ကျား/မ ရေးရာကိစ္စဆိုင်ရာ

ကျား-မ ဆိုင်ရာ အခွင့်အရေးအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အမျိုးသားများနည်းတူ အမျိုးသမီးများကလည်း ပါဝင်ဆောင်ရွက်လျှက်ရှိကြသည်။ လယ်ယာလုပ်ငန်းများ၌ အမျိုးသားများက ထွန်ယက်ခြင်း၊ လုပ်ငန်းများကို ဆောင်ရွက်ကြပြီး၊ အမျိုးသမီးများက ကောက်စိုက်ခြင်း၊ ပေါင်းနှုတ်ခြင်း ဖြင့် ပါဝင်ဆောင်ရွက်ကြသည်။ ဘာသာရေးကိစ္စများဖြစ်သော တရားစခန်းနှင့် တရားပွဲများ ပြုလုပ်ရာတွင် လည်း အမျိုးသား၊ အမျိုးသမီး တန်းတူပူးပေါင်းပါဝင်ကြပါသည်။ ပညာရေး၊ ကျန်းမာရေး၌လည်း ကျား/မ အခွင့်အရေး တန်းတူ ရရှိပါသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များ၌မူ အမျိုးသမီးများမှ အခန်းကဏ္ဍ နည်းပါးကြောင်း တွေ့ရှိရပါသည်။ အချုပ်အားဖြင့် ကိုင်းကွင်းကျေးရွာမှ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကိစ္စအဝဝ၌ ကျား/မ တန်းတူ ပူးပေါင်းပါဝင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

### ၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

| | | | |
|---|---|---|---|
| ၃ | အခြေခံအဆောက်အဦ | စာသင်ကျောင်း<br>အဆောက်အဦးသစ်တည်ဆောက်ရန်၊ပရိဘောဂ၊<br>အားက စားပစ္စည်းများဖြည့်ဆည်းရန် | ၃ |
| ၄ | အခြေခံအဆောက်အဦ | ကျေးရွာတွင်စက်ရေတွင်းတူးဖော်ခြင်း(တွင်းန<br>က် ၄၀၀-၅၀၀ ပေ) -၂ တွင်းတူးဖော်ခြင်း | ၄ |
| ၅ | လူငယ်နှင့်အားကစား | လူငယ်စာဖတ်ပွဲများ၊ဗဟုသုတရရှိမည့်<br>စာအုပ်စာပေများ ရရှိနိုင်ရန်<br>ပြန်/ဆက်ဦးစီးဌာနနှင့် ချိတ်ဆက်ပူ<br>ပေါင်းလုပ်ဆောင်ခြင်း၊ | ၅ |
| ၆ | လူငယ်နှင့်အားကစား | နွေရာသီတွင် အားကစားနည်းများ<br>သင်ကြားပေးခြင်း၊ | ၆ |
| ၇ | ပညာရေး | အသက်မွေးဝမ်းကြောင်း<br>သင်တန်းများပေးခြင်း(ဆိုင်ကယ်ပြင်၊စက်<br>စက်ပြင်၊သံပန်း-သံဂဟေဆက်၊စက်ချုပ်၊)၊<br>စားသောက်ကုန်ထုတ်လုပ်<br>ရောင်းချမှု<br>ဆိုင်ရာသင်တန်းများ(ခရမ်းချဉ်ယို၊ချဉ်ပေါင်ယို၊<br>ခရမ်းသီး<br>ခြောက်၊ကြက်သွန်ကြော် စသည်ဖြင့်) | ၇ |
| ၈ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲများ | ၈ |
| ၉ | စိုက်ပျိုးရေး | စိုက်ပျိုးရေးချေးငွေ အား<br>နှစ်ရှည်ထုတ်ချေးနိုင်ရန် (၃ နှစ် ဆပ်စနစ်)၊<br>မျိုးကောင်းမျိုးသန့် လက်လှမ်းမီလာစေရန်<br>တောင်သူများအား မျိုးသန့်<br>ထုတ်နည်းစနစ်များ<br>ပံ့ပိုးပေးခြင်း၊မျိုးသန့်ခြံများနှင့်<br>ချိတ်ဆက်ပေးခြင်၊ | ၉ |
| ၁၀ | မွေးမြူရေးနှင့်ငါးလုပ်ငန်<br>း_မွေးမြူရေးဆေးပညာ | မွေးမြူရေးအသိပညာပေးပွဲ၊သင်တန်းများပေးခြ<br>င်း | ၁၀ |
| ၁၁ | မွေးမြူရေးနှင့်ငါးလုပ်ငန်<br>း_မွေးမြူရေးဆေးပညာ | မွေးမြူရေးကာကွယ်ဆေးပုံမှန်ထိုးနှံနိုင်ရန်<br>ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | ၁၁ |
| ၁၂ | မွေးမြူရေးနှင့်ငါးလုပ်ငန်<br>း_မွေးမြူရေးဆေးပညာ | နိုင်ငံတော်မှ ဈေးကွက်တည်ငြိမ်လာစေရန်<br>ကြမ်းခင်းဈေးနှုန်း သက် မှတ်၍<br>ထိန်းချုပ်ပေးခြင်း၊ | ၁၂ |

## နောက်ဆက်တွဲ (၁)

### ကြူတောကန်ကျေးရွာ၊ကြူတောကန်ကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးမဟာဗျူဟာ တည်ဆောက်မှု ဇယားပြပုံ

| စဉ် | ပြဿနာ | အကြောင်းအရာ | အခွင့်အလမ်း | အဟန့်အတား | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ကဏ္ဍ-အခြေခံအဆောက်အဦ(လမ်းပမ်းဆက်သွယ်ရေး) | | | | | | |
| ၁။ | • ရွာတွင်းလမ်းမှာ မိုးတွင်းကာလတွင် ရွှံ့ဗွက်များဖြင့် သွားလာရအလွန်ခက်ခဲခြင်း၊ | • မြေသားလမ်းများဖြစ်ခြင်း၊<br>• လမ်းမြေသားနိမ့်ခြင်းနှင့် ရေဝပ်ခြင်း၊<br>• ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသော မြေသားလမ်းဖြစ်ပြီး သက်တမ်းမှာ (၁၅) နှစ်ကြာမြင့်ပြီဖြစ်ခြင်း၊<br>• ဆည်မြောင်းမှ ကျောက်၊သဲတင်သည့် ကားများဖြတ်သန်းသွားလာမှုများခြင်း၊<br>• ကျေးရွာမှ ကိုယ်ထူကိုယ်ထ တစ်နိုင်တစ် ပိုင် နှစ်စဉ် မြေနီခင်း၍ ပြုပြင်ကြသော်လည်း အရည်အသွေးမီစွာ ပြုပြင်နိုင်မှု မရှိခြင်း (မြေသားနှင့် | • ကျေးလက်ဦးစီးဌာနသို့ ချိတ်ဆက်တင်ပြဆွေးနွေးထားခြင်း၊<br>• ကျေးရွာ လူထုမှ စိတ်ပါဝင်စား၍ လုပ်အားဖြင့် ပါဝင်နိုင်သော သူများပြားခြင်း၊<br>• ဆည်မြောင်းဦးစီးဌာနမှ နှစ်စဉ် တစ်နိုင်တစ်ပိုင် ဝင်ရောက်ပြုပြင်ပေးခြင်း၊ | • ကိုယ်ထူကိုယ်ထ မြေနီလမ်း ခင်းရန် ငွေကြေးမတတ်နိုင်ခြင်း (လက်လုပ်လက်စားများပြား၍ တနေ့လျှင် ကျား ၁ဦးလျှင် -၃၀၀၀ ကျပ်၊မ ၁ဦးလျှင် -၂၀၀၀ ကျပ်သာ အများဆုံးရရှိခြင်း၊ပုံမှန်ဝင်ငွေမရှိခြင်း) | • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ဆွေးနွေးပြီးကျေးလက်ဦးစီးဌာနသို့တင်ပြတောင်းခံခြင်း၊<br>• ကျေးရွာလူထုမှ လုပ်အား၊ငွေအား စုစည်းခြင်း၊ | ၁။ လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်လာစေရေးစီမံချက်။<br>ရွာတွင်းလမ်း (အလျား ၃၆၀၀ပေ* အနံ ၂၂ ပေ* ထု၆ လက်မအား မြေသားလမ်းခင်းခြင်း)<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးစီးဦးဆောင်၍<br>-ကျေးရွာလူထု အစည်းအဝေးကျင်းပခြင်းနှင့် ငွေအား၊လူအား သတ်မှတ်လျာထားခြင်း၊<br>-လိုအပ်သော ပမာဏ ကိုသာ သက်ဆိုင်ရာဦး စီးဌာနသို့ ချိတ်ဆက်တင်ပြဆောင်ရွက်ခြင်း၊<br>-ပြုပြင်ထိန်းသိမ်းရေး စနစ်နှင့် ငွေကြေးအစီအမံများထားရှိခြင်း၊ |

| | | | | | |
|---|---|---|---|---|---|
| | မြေနီအနည်းငယ်သာ ခင်းနိုင်ခြင်း)။ | | | | |
| • ကျေးလက်ကျန်းမာရေး ဆေးပေးခန်း အဆောက်အဦ မကောင်းခြင်း၊<br>• ဗီဒို၊ကုတင် မလုံလောက်ခြင်း၊ | • ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော အုတ်စီ၊ထရံကာ အဆောက်အဦးဖြစ်ခြင်း၊<br>• ဆောက်လုပ်ထားသည်မှာ နှစ်(၆၀)ခန့်ရှိ ခြင်း၊<br>• အသေးစားပြုပြင်မှုများကို ကျေးရွာမှ ပြုပြင်နိုင်သော်လည်း အမိုး၊အကာ၊အခင်း ၊ပရိဘောဂ စသည်တို့ အတွက် ငွေကြေး မတတ်နိုင်ခြင်း၊<br>• ကျန်းမာရေးဦးစီးဌာနမှ ကြူတောကန် ကျေးရွာအုပ်စုအတွက် ဆေးပေးခန်းအဆောက်အဦး ချထားပေးမှုမရှိခြင်း၊ | • ကျန်းမာရေးဦးစီးဌာနသို့ ဆေးပေးခန်းအဆောက်အဦ တင်ပြတောင်းခံထားခြင်း၊<br>• ကျေးရွာလူထုမှ လုပ်အား၊ငွေကြေး (အနည်းငယ်) ပါဝင်နိုင်ခြင်း၊ | • ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘက်ဂျက်လျာထားမှု တွင် ပါဝင်မှုမရှိသေး ခြင်း၊ | • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ကျေးလက်ဆေးပေး ခန်း နှင့် ပရိဘောဂများ ရရှိရန် ကျန်းမာရေးဦးစီး ဌာနသို့ ထပ်မံတင်ပြ တောင်းခံခြင်း၊<br>• ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းမှ မြို့နယ်တာဝန်ရှိသူများထံသို့ တင်ပြခြင်း၊ | ၂။ကျန်းမာရေး ဝန်ဆောင်မှု ကောင်းမွန်တိုးတက်လာစေရေးစီမံချက်။<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍<br>-ကျေးရွာလူထုအား စည်းရုံးဆွေးနွေးခြင်းနှင့် လုပ်အားအင်အား၊ငွေကြေးအင်အား စုဆောင်းခြင်း၊လတ်တလော အဆင်ပြေစွာ အသုံးပြုနိုင်ရန်ပြင်ဆင်ခြင်း၊<br>-ကျန်းမာရေးဦးစီးဌာန၊မြို့နယ်တာဝန်ရှိသူများအား ထပ်မံတင်ပြ တောင်းခံခြင်း၊ |
| • ကျောင်းသားများ ပ... | • မူလတန်းကျောင်းမှ မလွန်ကျောင်းသို့ | • ကျောင်းဆောင်သစ်ဆောက်လုပ်ရန် | • မိဘဆရာအသင်း၊ ကျောင်းအကျိုးတော် | • ကျေးရွာရပ်မိရပ်ဖများ၊မိဘဆရာအသင်း၊ကျောင်း... | ချမ်းစွာပညာသင်ယူနိုင်... |

| | | | | | | |
|---|---|---|---|---|---|---|
| | အားကစား လုပ်ဆောင်ရန် အခက်အခဲရှိခြင်း (ကျောင်းဆောင်၊ပရိဘော၊အားကစားပစ္စည်း မလုံလောက်ခြင်း) | အဆင့်တိုးမြှင့်သည်မှာ (၃)နှစ်၊အလယ်တန်းသို့ တိုးမြှင့်သည်မှာ (၁)နှစ်ကြာပြီဖြစ်သော်လည်း ကျောင်းဆောင် တစ်ဆောင်သာ ရှိခြင်း (အလျား ၆၀ ပေ *အနံ ၃၀ ပေ * အမြင့် ၁၂ ပေ)<br>• ကျောင်းဆောင်နံဘေးတွင်အဖီဆွဲ၍ သင်ကြားနေရခြင်း၊<br>• ကျောင်းသားများ၏ စားပွဲ၊ထိုင်ခုံနည်းပါးခြင်း၊<br>• ဘောလုံးမှလွဲ၍ အခြားအားကစား ပစ္စည်းများမရှိခြင်း၊ | မြေနေရာရှိခြင်း၊<br>• ပညာရေးဦးစီးဌာနသို့ စာသင်ဆောင်၊ပရိဘောဂ၊ အားကစားအခက်အခဲတို့အား တင်ပြတောင်းခံထားခြင်း၊<br>• ဖေးမကူညီပရဟိတအဖွဲ့နှင့် ချိတ်ဆက်၍ ကျောင်းအားကစားပစ္စည်းများ ရရှိရန်ဆောင်ရွက်နေခြင်း၊<br>• ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းကော်မတီ၊မိဘဆရာအသင်း ပူးပေါင်းညှိနှိုင်း၍ အစီအစဉ်ရေးဆွဲကြခြင်း၊ | ဆောင်အဖွဲ့တို့မှာ စွမ်းဆောင်ရည်အားနည်းခြင်း၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်လုပ်ဆောင်တတ်သည့် အလေ့အကျင့်မရှိခြင်း (ရပ်မိရပ်ဖအဖွဲ့မှ ဦးဆောင်၍ ပံ့ပိုးကူညီပေးသည်) | ကျိုးတော်ဆောင်အဖွဲ့များပူးပေါင်း၍<br>-ပညာရေးဦးစီးဌာနသို့ အဆိုပြုလွှာထပ်မံတင်ပြခြင်း၊<br>-အလှူရှင်၊စေတနာရှင်များရှာဖွေ၍ ကျောင်းပရိဘောဂ၊ကျောင်းအားကစားပစ္စည်းများဝယ်ယူနိုင်ရန်ဆောင်ရွက်ခြင်း၊<br>• ရေရှည်ပြုပြင်ထိန်းသိမ်းနိုင်ရန် ပညာရေး ရံပုံငွေ တစ်ရပ်တည်ထောင်ခြင်း၊ | ယဖွံ့ဖြိုးတိုးတက်လာစေရေး စီမံချက်။<br>• ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊<br>• ကျောင်းပရိဘောဂများလုံလောက်စွာဖြည့်ဆည်း<br>• ကျောင်းအားကစားပစ္စည်းများ ဝယ်ယူဖြည့်ဆည်းပေးခြင်း၊<br>• ပညာရေး ရံပုံ 68 ထောင်ခြင်း၊ |
| | ကဏ္ဍ-အခြေခံအဆောက်အဦး(သောက်သုံးရေ) | | | | | |
| | • နွေရာသီတွင် သောက်ရေရှားပါးခြင်း<br>• ဝင်ငွေနည်းမိသားစုများ နေထိုင်ရာပတ်ဝန်း | • ကျေးရွာတွင်အဝီစိတွင်း ပေါ်များသော်လည်း သုံးရေမျှသာ အသုံးပြုခြင်း၊ | • ကျေးလက်ဦးစီးဌာနသို့ ချိတ်ဆက်တင်ပြဆွေးနွေး ခြင်း၊<br>• ရေတွင်းများ | • လက်လုပ်လက်စားကျပန်းအိမ်ထောင်စုများဖြစ်သဖြင့် တွင်းနက်တူးရန်ကုန်ကျစရိတ် | • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ဆွေး နွေးပြီး ရန်ပုံငွေ | ၄။အေးကင်းသန့်ရှင်းသောသောက်သုံးရေ သုံးစွဲလာနိုင်စေရေး။<br>• ဝင်ငွေနည်းမိသားစုများ |

| | | | | |
|---|---|---|---|---|
| • ခါတ်ခွဲစမ်းသပ် စစ်ဆေးမှု မရှိခြင်းနှင့် အရပ်အပြောအရ ထုံးစာတ်ပါသည်ဟု ယူဆ ၍ သုံးရေအဖြစ်သာ အသုံးပြုခြင်း၊ • သောက်ရေမှာ ဘုန်းကြီးကျောင်းဝန်းရှိ ရေတွင်း (၂) တွင်းကို သာမှီခိုနေရပြီး နွေရာသီတွင် ရေထွက်အားနည်းခြင်း၊ • ဝင်ငွေနည်းမိသားစုများအနီးတဝိုက်တွင် ရေတွင်းနည်းပါးခြင်းနှင့် နွေရာသီတွင် ရေရရှိရန် အခက်အခဲ ရှိခြင်း၊ | တူးဖော်ရန် မြေနေ ရာ အလှူခံနိုင်ခြင်း၊ | မတတ်နိုင်ခြင်း၊ • ငွေကြေးတတ်နိုင်သူများမှာ အိမ်တိုင်းနီးပါး အဝီစိတွင်း ရှိသဖြင့် စိတ်ပါဝင်စားမှု မရှိခြင်း | ရရှိရေး အစအစဉ်များ ရေးဆွဲခြင်း၊ • အဝီစိတွင်းရေ အား ရေ အရည်အ သွေးစစ်ဆေးရန် ဦးစီးဌာနသို့ အကူ အညီတောင်းခံခြင်း၊ | အနီးတ ဝိုက်တွင် ရေနက် တွင်း တွင်းတူးဖော်ပေးခြင်း၊ • ကျေးလက်ဦးစီးဌာန စီမံကိန်းတင်ပြထားမှု အပေါ် ချိတ်ဆက်ဆွေးနွေးခြင်း၊ • ကျေးရွာဖွံ့ဖြိုးရေး ရံပုံငွေမှ အနည်းငယ်ထုတ်ယူ သုံးစွဲနိုင်ရန် ကျေးရွာလူထု အား စည်းရုံးဆွေးနွေးခြင်း( မီးလင်းရေးပြင်ထိန်းစရိတ်မှ အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အသုံးပြုနေ ခြင်း) • ရေရှည်တည်တံ့မည့် အစီအစဉ်ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များ ဆွေးနွေးချမှတ်ခြင်း ၊ |



| | | | | |
|---|---|---|---|---|
| • အချိန်ပိုများကိုအင်တာနက်များအသုံးပြုခြင်းဖြင့် အချိန်ကုန်ဆုံးနေကြခြင်း၊ • အားကစားပစ္စည်း၊ အားကစားနည်းများမရှိ | • စာသင်ကျောင်းတွင် စာကြည့်တိုက်ဖွင့်လှစ်ရန် နေရာရှိခြင်း၊ | • လူငယ်များကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်လိုစိတ်၊ လေ့လာသင်ယူလိုစိတ် နည်းပါးခြင်း၊ • လေ့လာသင်ယူရန် လူငယ်ဖွံ့ဖြိုးရေးစင်တာ | • စာသင်ကျောင်းမှစ၍ ကလေးငယ်များအတွက် အားကစားပစ္စည်း၊ အားကစားနည်းများလှုံလောက်စွာပံ့ပိုးပေးခြင်း၊ • လူငယ်လေ့လာရေးစင်တာ | ၅။ လူငယ်များကာယ၊ ဉာဏစွမ်းရည်တိုးတက်လာစေရေးစီမံချက်။ • စာသင်ကျောင်းတွင် စာဖတ်ခန်းဖွင့်လှစ်ခြင်း၊ • ပြန်/ဆက်ဦးစီးဌာန နှင့် |

| | |
|---|---|
| | ကျင်တွင် ရေတွင်းများ အားလက်လှမ်းမီမှု နည်းပါးခြင်း |

| | |
|---|---|
| | •လူငယ်များ အားကစားလုပ်ဆောင်မှု၊ လေ့လာသင်ယူမှု အားနည်းခြင်း၊ |

| | | | | | |
|---|---|---|---|---|---|
| | | ခြင်း၊ | | များမရှိခြင်း၊ | များထဖွင့်လှစ်၍ ဖွံ့ဖြိုးရေးသင်တန်းများပေးခြင်း၊<br>•စာသင်ကျောင်းများ၊လူငယ်များအတွက် ဗဟုတုတစာပေများ အလှည့်ကျငှားရမ်းဖတ်ရှုစေခြင်း၊ |
| ကဏ္ဍ-စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၆။ | • သီးနှံစိုက်ပျိုးမှုတွင်ကျပန်းလုပ်ကိုင်ခြင်းမှလွဲ၍ ဝင်ငွေရ အတည်တကျ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ | • အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုအားနည်းခြင်း၊<br>• စွန့်စားတီထွင်လိုစိတ်ရှိသော်လည်းဆုံးရှုံးမည်ကို စိုးရိမ်သဖြင့် စွန့်ဦးတီထွင်မှုမရှိခြင်း၊<br>• ငွေအရင်းအနှီးလုံ | • အလုပ်လုပ်ကိုင်လိုသူ လူငယ်အများအပြားရှိခြင်း၊<br>• ပေါင်းတည်မြို့နှင့်(၃)မိုင်သာ ကွာဝေးပြီးလမ်းပမ်းဆက်သွယ်ရေးကော | • အသက်မွေးဝမ်းကြောင်းပညာများ သင်ယူရန်ငွေကြေးမတတ်နိုင်ခြင်း<br>• စက်ရုံ၊အလုပ်ရုံများ နှင့်အလုပ်အကိုင်ကွာဝေး ခြင်း၊<br>• ဈေးကွက်ဆိုင်ရာအသိပညာဗဟုသုတအားနည်းခြင်း၊ | • သက်ဆိုင်ရာဦးစီးဌာန (သို့) အဖွဲ့အစည်းများမှ အသက်မွေးဝမ်းကြောင်းနည်းပညာသင်တန်းများပေးခြင်း(ဆိုင်ကယ်ပြင်၊စက်ပြင်၊သံပန်း၊သံဂဟေဆက်၊စက်ချုပ်)<br>• စိတ်ပါဝင်စားသူများအား |

| | | | | | | |
|---|---|---|---|---|---|---|
| | | လောက်စွာမရှိခြင်း၊ <br>• အသေးစားအိမ်တွင်းထုတ်လုပ်မှု လုပ်ကိုင် ရန် နည်းပညာများ၊ ဗဟုသုတများမရှိခြင်း၊(လက်သမား၊ပန်းရံ တတ်မြောက်သူ များ ပြားသည်။ပေါင်းတည် မြို့တွင် လက်သမား၊ပန်းရံ တတ်မြောက်သူများသဖြင့် အလုပ်အကိုင်အခွင့် အလမ်းနည်းပါးသည်။) | င်းမွန်ခြင်း၊ <br>• ဆိုင်ကယ်ပြင်၊ စက်ပြင်၊သံ၊ဂဟေဆက်၊သံပန်းပြု လုပ်သည့် ဆိုင်များ တွင်လုပ် သားလို အပ်မှု များ ခြင်း၊ <br>• ရန်ကုန်အထည် ချုပ်စက်ရုံတွင် သွားရောက်လုပ်ကိုင် နိုင်ခြင်း၊ | • ကူညီပံ့ပိုးမည့် အဖွဲ့ အစည်း(သို့)ပုဂ္ဂိုလ်မရှိ ခြင်း၊ | စွန့်စားတီထွင်လာလို စိတ်ရှိရန်လက်တွေ့ဆောင် ရွက်စေခြင်းဖြင့် အသိပညာပေးခြင်း၊ <br>• သင့်လျော်သော အသေးစားချေးငွေများထုတ်ချေးပေး ခြင်း၊ <br>• ဈေးကွက်ဆိုင်ရာ အသိ ပညာများ ဖြန့်ဝေပေးခြင်း၊ <br>• ဖွံ့ဖြိုးရေးအမြင်ဖွင့် ဆွေးနွေးပွဲများပြုလုပ်ပေးခြင်း၊ | ကြောင်းသင်တန်းများ ရရှိရန် ဆောင်ရွက်ခြင်း၊ <br>• အသေးစားငွေချေးအဖွဲ့များမှ လုပ်ငန်းနှင့် သင့်လျော်သော ချေးငွေ ပမာဏကို ထုတ်ချေးခြင်း၊ <br>• ဈေးကွက်ဆိုင်ရာ အမြင် ဖွင့်သင်တန်းပေးခြင်း၊ <br>• အသေးစားစက်မှု၊လက်မှု သင်တန်းများပေးခြင်း(ဆိုင်ကယ်ပြင်၊စက်ပြင်၊သံပန်း၊သံဂဟေဆက်၊စက်ချုပ်) |
| ကဏ္ဍ-စိုက်ပျိုးရေး | | | | | | |
| ၇။ | • စိုက်ပျိုးသီးနှံများမှ အကျိုးအမြတ်(စီးပွားဖြစ်ထွန်းမှု)နည်းပါး ခြင်း၊ | • လယ်ကွင်းများတွင် မြေဆောင်းပိုးများကျခြင်း နှင့် မထိန်းချုပ်နိုင် ခြင်း၊ <br>• မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေမှာ တစ်ဧက ကုန်ကျစရိတ်အတွက်လုံလောက်မှု မရှိခြင်း (ဓါတ်မြေဩဇာများ ၊ လုပ်သားစရိတ်များအတွက် အတိုးဖြင့် ချေးရ ခြင်း) <br>• ချေးငွေအား ပြန်လည် ပေးဆပ်နိုင်ရန် သီးနှံ | • စိုက်ပျိုးရေး ဆေးကုမ္ပဏီ၊ရတနာ ရော အဖွဲ့တို့ မှ စိုက်ပျိုးရေးနည်း ပညာများပေးခြင်း( သို့ရာတွင် လက်တွေ့ပြသမှု နည်းပါးသဖြင့် တောင် သူများယုံ ကြည်မှုနည်းပါး ခြင်း) <br>• သဘာဝ၊ရေ၊မြေ ရာသီဥတု အနေ | • တောင်သူများမှာ မိရိုးဖလာနည်းများဖြင့် သာ စိုက်ပျိုးကြခြင်း၊ နည်းစနစ်အသစ်များကို လက်ခံရန် ခက်ခဲခြင်း၊ <br>• လက်တွေ့စမ်းသပ်ကွက် များတွင် တွက်ခြေ ကိုက်မှု မပြသနိုင်ခြင်း (ကုန်ကျစရိတ်ပိုများ ပြားပြီး အထွက်နှုန်းမှာ ကွာဟမှုမရှိခြင်း / အချို့သောစမ်းသပ်ကွက်များတွင် အထွက်နှုန်း | • စိုက်ပျိုးရေးဦးစီးဌာန /စိုက်ပျိုးရေး နည်းပညာ ပေးအဖွဲ့များမှ တာဝန်ခံ များချမှတ်၍ ကြပ်ကြပ် မတ်မတ်ကြီးကြပ်ခြင်း၊ လက်တွေ့စမ်းသပ်ပြသခြင်း နှင့် ပြဿနာများကို စု ပေါင်းအဖြေရှာခြင်း၊ <br>• မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာစိုက်ပျိုးခြင်းအတွက် နှစ်ရှည် ချေးငွေ (၃နှစ်ဆပ်) စနစ်ဖြင့်ထုတ်ချေးပေး ခြင်း၊ | ၇။စိုက်ပျိုးရေးလုပ်ငန်းသည် စီးပွားဖြစ်လုပ်ငန်းဖြစ်လာ စေရေးစီမံချက်။ <br>• စိတ်ပါဝင်စားသူတောင်သူ အစုအဖွဲ့ ဖွဲ့စည်းခြင်း၊ <br>• လိုအပ်ချက်များ၊အခက်အခဲ များအား အဖွဲ့လိုက် မြို့နယ်တာဝန်ရှိသူများထံ နှစ်စဉ်တင်ပြခြင်း၊ <br>• စိုက်ပျိုးရေး ဦးစီးဌာန/ စိုက်ပျိုးရေးအသိပညာပေး အဖွဲ့အစည်းများမှ ကျေးရွာ ၏ ပြဿနာများနှင့် စပ်ဆက် |

| | | | | | |
|---|---|---|---|---|---|
| | | ဈေးကောင်းမစောင့်ဆိုင်းနိုင်ပဲ ထုတ်ရောင်းရ ခြင်း၊<br>• မျိုးကောင်းမျိုးသန့်အား ဈေးကြီးပေး ဝယ်ရခြင်း၊လိုအပ်သည့် အချိန်တွင်လိုအပ်သလို မရရှိနိုင်ခြင်း၊ | အထား အသင့်အတင့်ကောင်းမွန်ခြင်း၊<br>• ပေါင်းတည်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် ရရှိရန် မှာယူပေးခြင်း၊ | မှာပိုမိုနည်းပါး)<br>• ပိုးမွှားများ အားနှိမ်နင်းနိုင်သည့် ထိရောက်သော နည်းပညာများ ပံ့ပိုးပေးနိုင်မှု အားနည်းခြင်း၊<br>• ဘဏ်ချေးငွေ ပြန်လည်ပေးဆပ်ရမည့် အချိန်တွင် စပါးဈေးနှုန်းကျဆင်းခြင်း၊<br>• မျိုးကောင်းမျိုးသန့်များဝယ်ယူရန် ကုမ္ပဏီ/အရောင်းဆိုင်များ ရွေးချယ်ရန် မရှိခြင်း၊ | • တောင်သူများအစုအဖွဲ့ဖွဲ့စည်း၍ မျိုးကောင်းမျိုးသန့်များအား မျိုးသန့်ခြံများနှင့်ချိတ်ဆက်၍စုပေါင်းမှာယူခြင်းဖြင့် ကုန်ကျစရိတ် သက်သာနိုင် ခြင်း၊ |
| ကဏ္ဍ-မွေးမြူရေး | | | | | |
| ၈။ | • မွေးမြူရေးတိရစ္ဆာန်များရောဂါကြောင့် အသေအပျောက်များခြင်း၊<br>• ဈေးနှုန်းတည်ငြိမ်မှုမရှိ | • မွေးမြူရေးအသိပညာအားနည်းခြင်း(ကာကွယ်ဆေးပုံမှန်ထိုးနှံမှုမရှိ ခြင်း)<br>• အသိပညာပေး အစီအစဉ်/အဖွဲ့အစည်းများ | • မွေးမြူရေး သင်တန်းတက်ရောက်ထားသူများအား ခေါ်ယူ၍ ကာကွယ်ဆေးထိုးနိုင် | • မွေးမြူရေး အသိပညာပေးအစီအစဉ်များ မရှိသဖြင့် စနစ်တကျ မွေးမြူမှု မရှိခြင်း၊<br>• ရောဂါအန္တရာယ်ကျ | • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ စီးပွားဖြစ်မွေးမြူလာနိုင်စေရေး ၊ တိရစ္ဆာန်သေးဆုံးမှု လျော့ကျစေရေးအတွက် |

| | | | | | | |
|---|---|---|---|---|---|---|
| | ခြင်း၊ | း မရှိခြင်း၊<br>• ဂရုတစိုက် မွေးမြူမှုအားနည်း ခြင်း၊<br>• ရေတိုဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန်သာ အာရုံစိုက် ကြခြင်း၊<br>• ကုန်သည်များမှ ဈေးကစားခြင်း၊<br>• နိုင်ငံတော်အနေဖြင့် ကြမ်းခင်းဈေးသတ်မှတ်ပေးနိုင်မှုမရှိခြင်း | ခြင်း(ဝက်ပုတ်ကျေးရွာ(၂) မိုင်အကွာ မှ)<br>• တိရစ္ဆာန်သောက်သုံးရေလုံလောက်စွာ ရရှိခြင်း၊<br>• ကျေးရွာတွင်းပင်ကုန်သည်များမှ လာရောက်ဝယ်ယူခြင်း(ဈေးနှုန်းသင့်တင့်စွာဖြင့်)<br>• ပုဂ္ဂလိက အသေးစားချေးငွေ အဖွဲ့များအားလက်လှမ်းမီခြင်း | ရောက်မှုမှ ကြိုတင်ကာကွယ်မှု မပြုလုပ်ကြ ခြင်း၊<br>• နိုင်ငံတော်အဆင့်မှ ဈေးနှုန်းထိန်းညှိမှုများ အားနည်းခြင်း၊ | လုပ်ဆောင်ပေးခြင်း၊ | အစုအဖွဲ့ ဖွဲ့စည်းခြင်း၊<br>• စုပေါင်းကာကွယ်ဆေးထိုးနှံနိုင်ရန် မွေးမြူရေးဦးစီးဌာနနှင့် ချိတ်ဆက်ပေးခြင်း၊<br>• မွေးမြူရေးနည်းပေးသင်တန်းများရရှိရန်လုပ်ဆောင်ခြင်း၊<br>• မွေးမြူရေးဈေးနှုန်းများတည်ငြိမ်မှုရှိစေရန် အဝယ်ဒိုင်များအား ကြမ်းခင်းဈေးသတ်မှတ်နိုင်ရန် နိုင်ငံတော် မှ မူဝါဒချမှတ်ခြင်း၊ |
| ကဏ္ဍ-အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှု | | | | | | |
| ၉။ | • ကျေးရွာတွင်း ကိုယ်ထူကိုယ်ထဖွဲ့စည်းထားသောအဖွဲ့များတွင် စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်မှုအားနည်းခြင်း၊ | • အဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ အသိပညာဗဟုသုတအားနည်းခြင်း၊<br>• လိုအပ်ချက်အရ ဖွဲ့စည်းခြင်းသာရှိပြီး ရေရှည်တည်တံ့သည့် အစီအစဉ်များထည့်သွင်းဖွဲ့စည်းထားမှုအားနည်းခြင်း၊ | • ကျေးရွာဖွံ့ဖြိုးရေး၊ လူမှုရေး ၊ဘာသာရေးလုပ်ငန်းများအတွက် စုပေါင်းလုပ်ကိုင်သည့်အလေ့ အကျင့်ရှိခြင်း၊<br>• စည်းလုံးညီညွတ်ကြခြင်း၊<br>• သတင်း၊မီဒီယာများမှ အဖွဲ့အစည်းဆိုင်ရာ စီမံအုပ် | • အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှု စနစ်ကောင်းမွန်လာစေရန် ပံ့ပိုးကူညီနိုင်မည့် အဖွဲ့အစည်း/ဦးစီးဌာန နည်းပါးခြင်း၊<br>• အသိပညာပေးဟောပြောပွဲ၊စာအုပ်၊စာပေဆိုင်များလက်လှမ်း မမီခြင်း၊ | • ကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖများမှ ဦးဆောင်၍ အဖွဲ့အစည်းဆိုင်ရာ ဗဟုသုတရမည့် စာအုပ်စာပေများ စုဆောင်းခြင်း<br>(ခေါင်းဆောင်မှု၊လူထုအားစည်းရုံးမှု စွမ်းရည်၊အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရန် ပြင်ဆင်နည်း၊ အစည်းအဝေးမှတ်တမ်းရေးနည်း၊ )<br>• ကျေးရွာလူထုအစည်းအ | ၉။အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း။<br>• ကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖ များမှဦးဆောင်၍<br>• အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်စေရန် ဆွေးနွေးဟောပြောခြင်း၊<br>• ဗဟုသုတစာပေအုပ်၊စာပေများထားရှိခြင်း၊<br>• သင်တန်းပေးနိုင်သည့် |

| | | | | | |
|---|---|---|---|---|---|
| | | | ချုပ်မှုကောင်းမွန်<br>လာစေရန် ဗဟုသု<br>တများရရှိနိုင်ခြင်း၊<br>•ကျေးလက်ဦးစီးဌာ<br>မှ စာရင်းကိုင်<br>သင်တန်းရရှိနိုင်<br>ခြင်း၊ | | ဝေးများတွင် အသိပညာ<br>ပေးခြင်း၊<br>•ကျေးလက်ဦးစီးဌာနအား<br>အကူအညီတောင်း၍<br>စာရင်းကိုင်သင်တန်းပေး<br>ခြင်း၊ |

နောက်ဆက်တွဲ(၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(o) ecn:vလူမှုစီးပွားရေး အခြေအနေ

လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ

nc%coar:

| | | | | |
|---|---|---|---|---|
| | | cyr: | | |
| | | | | |
| | ၅ နှစ်အောက်ကလေးငယ် | | oo | |
| | မူလတန်းကျောင်းသားအရွယ် | oρ | oo | |
| oo 09 | အလယ်တန်းကျောင်းသားအရွယ် | oG | | |
| oo | အလုပ်လုပ်နိုင်သည့်အရွယ် | JOO | | 90J |
| % 320005 | သက်ကြီးရွယ်ကြီး | | | |
| | | JOG | | |
| ပေါင်း အိမ်ထောင်စု | | oρo | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ပေါင်းတည်မြို့နယ် ကြူတောကန်အုပ်စု ကြူတောကန်ရွာတွင် အိမ်ထောင်စုပေါင်း(၁၇၀)စုရှိပါသည်။စုစုပေါင်းလူဦးရေ(၅၉၈)ဦးနေထိုင်လျက်ရှိပြီး ကျား(၂၈၆)ဦးရှိပြီး ကျေးရွာရှိလူဦးရေ၏(၄၇.၈၃)ရာခိုင်နှုန်းခန့်နှင့်မ(၃၁၂)ဦးရှိပြီးကျေးရွာရှိလူဦးရေ၏(၅၂.၁၇)ရာခိုင်နှုန်းခန့်ရှိကြောင်း သိရှိရပါသည်။တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၃.၅၂)ဦးနှုန်းရှိသောကြောင့် လူဦးရေတိုးပွားနှုန်းမှာ မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သောတစ်အိမ်ထောင်(၅)ဦးနှုန်းထက်လျော့နည်းနေသည်ကိုတွေ့ရှိရပါသည်။အသက် (၁)နှစ်အောက်နို့စို့အရွယ်ကလေး ငယ်အရေအတွက်မှာ တစ်ရွာလုံးအနေဖြင့် ကျား(၃)ဦးနှင့် မ(၆)ဦးသာလျှင်ရှိသည့်အတွက် ကျေးရွာရှိလူဦးရေနှင့် နှိုင်းယှဉ်လျှင်(၁.၅၁)ရာခိုင်နှုန်းသာရှိသည့်အတွက် မွေးဖွားနှုန်းကျဆင်းနေသည်ကိုတွေ့ရှိရပါသည်။အသက်(၁)နှစ်မှ (၅)နှစ်အောက်ရှိသည့် (၅)နှစ်အောက်က လေးငယ်အရေအတွက်မှာ(၂၃)ဦးသာရှိသည့်အတွက်တစ်ရွာလုံးရှိလူဦးရေ၏(၃.၈၅)ရာခိုင်နှုန်းသာရှိပါသည်။အသက်(၅)နှစ်မှ(၉)နှစ်ထိရှိသည့် မူလတန်းကျောင်းသားအရွယ်မှာ(၂၄)ဦးသာရှိသည့်အတွက် တစ်ရွာလုံးရှိလူဦးရေ၏(၄.၀၁)ရာခိုင်နှုန်းရှိပါသည်။အသက်(၁၀)နှစ် မှ(၁၄)နှစ်အတွင်းရှိသည့် အလယ်တန်း ကျောင်းသားအရွယ်ရှိသူ အရေအတွက်မှာ(၃၃)ဦးရှိသည့်အတွက် တစ်ရွာလုံးရှိလူဦးရေ၏ (၅.၅၂)ရာခိုင်နှုန်းရှိပါသည်။အသက်(၁၅)နှစ်မှ (၆၄)နှစ်အတွင်းရှိသည့် အလုပ်လုပ်နိုင်သည့် လူဦးရေအရေအတွက်မှာ (၄၅၂)ဦးရှိသည့် အတွက် ကျေးရွာရှိလူဦးရေ အရေအတွက်၏(၇၅.၅၉)ရာခိုင်နှုန်းရှိသည့်အတွက် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လုပ်သားအင်အားအပြည့်အဝရှိသည့်အတွက် ကျေးရွာတွင် အလုပ်အကိုင်အခွင့် အလမ်းများ ဖေါ်ဆောင်ပေးနိုင်မည်ဆိုပါက ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာနိုင်ပါသည်။ကျေးရွာတွင် (၆၅)နှစ်နှင့်အထက်ရှိသည့် သက်ကြီးရွယ်ကြီးအရေအတွက်မှာ(၅၇)ဦးရှိသည့်အတွက် ကျေးရွာရှိ လူဦးရေ၏(၉.၅၃)ရာခိုင်နှုန်းရှိသည့်အတွက် ကျေးရွာအတွက် ရှေ့ဆောင်လမ်းပြလုပ်နိုင်သည့် လူကြီးမိဘများရှိသ ဖြင့် ကျေးရွာအတွက် အထောက်အကူဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| | | | | |
|---|---|---|---|---|
| | | Φo.2δΦo?δ | oδ%6I | |

| | | | | | |
|---|---|---|---|---|---|
| | | | ०ε | လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ Q:eq) | တချကကု သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ο | αοσ3α ο |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃ | ၁၇ | ၂ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃ | ၄ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၇ | ၅ | မြင့် ☑ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| ၁၂ | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| ၁၃ | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၅ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| ၁၄ | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| ၁၅ | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| ၁၆ | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

ရင်းမြစ် ... (၁)

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၇၀၀၀ | ၀ | ၅၀၀၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၀ | ၆၀၀၀ | ၀ | ၅၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် | နေ့စား | ၀ | ၀ | ၀ | ၀ |

€Iξ:Θδ ဦးတည်အုပ်စု ဆွေးနွေးခြင်း €Iδ8€Iδυ Φή:ω8: cooSa»eo:

| မြေအမျိုးအစား | (ooo) | eGBcp<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| c•003GG | JOG.JO | |
| o.»sG I | oηo | |

| | | |
|---|---|---|
| | 0.00 | |

| | | | (αιδ) | | Φφέ:ή: (σιδ) | |
|---|---|---|---|---|---|---|
| | | | | | | |
| | a.et5c;: | | | | | |

(o) o.»oo: **အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ**= JJ.QO) **ပ်စ။**

**(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ပေါင်းတည်မြို့နယ် ကြူတောကန်အုပ်စု ကြူတောကန်ကျေးရွာတွင် ဝင်ငွေရရှိရန် အဓိကအားဖြင့် လုပ်ငန်း(၅)မျိုးလုပ်ကိုင်လျက်ရှိပါသည်။၎င်လုပ်ငန်းများမှာ လယ်ယာစိုက်ပျိုး ရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်း၊ဆောက်လုပ်ရေး၊လက်သမား/ပန်းရံလုပ်ငန်း၊ယဉ်/စက်ကိရိယာ/အိမ်သုံးပစ္စည်းများပြင်ဆင်ရေးလုပ်ငန်း၊လက်လီ/လက်ကားရောင်းဝယ်ရေးလုပ်ငန်းနှင့် အပ်ချုပ်လုပ်ငန်း လုပ်ကိုင်၍ ဝင်ငွေရရှိရန် အမျိုးမျိုးလုပ်ကိုင်ကြပါသည်။အဆိုပါလုပ်ငန်းများမှ ရရှိသော တစ်နေ့တာဝင်ငွေမှာအများဆုံး(၇၀၀၀)ကျပ်မှ အနည်းဆုံးကျပ်(၃၀၀၀)ဝန်ကျင်ခန့်သာရရှိကြပြီးနေ့စဉ်ပုံမှန်ဝင်ငွေရရှိသောလုပ်ငန်းများမဟုတ်ကြပေ။အလုပ်အကိုင်ပေါ်သော အချိန်ကာလများတွင် ဝင်ငွေအရ အဆင်ပြေကြသော်လည်း အလုပ်မရှိသော အချိန်ကာလများ တွင်မူ နေထိုင် စားသောက်ရေးအတွက် အခက်ခဲနှင့် ရင် ဆိုင်ကြရသည်။ပုံမှန်ဝင်ငွေရ လုပ်ငန်း အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဆိုပါက ကျေးရွာနေပြည်သူများ၏ လူနေမှုစီးပွား ဘဝများ ပိုမိုကောင်းမွန် အဆင်ပြေလာနိုင်မည် ဖြစ်ကြောင်းလေ့လာတွေ့ရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

(0-0)**စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| ကိုင်း / ကျွန်းမြေ | ၀.၀၀ | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ခနီတောမြေ | ၀.၀၀ | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | ၀.၀၀ | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| **စုစုပေါင်း** | ၂၉၂ | ☒ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ပေါင်းတည်မြို့နယ် ကြူတောကန်အုပ်စု ကြူတောကန်ကျေးရွာ၌ လယ်မြေ (၂၈၆.၂၅)ဧက၊ ယာမြေ(၅.၇၅)ဧက ရှိပါသည်။ မြေဆီလွှာအရည်အသွေးများမှာ ယခင်က တစ်ဧကတင်း (၈၀)ထွက်ရှိရာမှ ယခုအခါမှာ တစ်ဧက(၄၀-၆၀)တင်းနှုန်းသာထွက်ရှိ သည်ကိုတွေ့ရပြီး မြေဆီလွှာ အရည်အသွေးကျဆင်းမှုများပြားနေပါသဖြင့်သီးနှံထွက်နှုန်းများကျဆင်းနေကြောင်းကိုတွေ့ရှိရပါသည်။ ကျေးရွာရှိ လယ်မြေအများစုသည် သီထပ်စိုက်ပျိုးခြင်းများ၊ဓါတ်မြေဩဇာနှင့် သွင်းအားစု အလွန်အကျွံ အသုံးပြုမှုများကြောင့် လယ်ယာမြေများ၏ မြေဆီဩဇာများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာပြီး သီးနှံအထွက် နှုန်းများကျဆင်းမှုဖြစ်ပေါ်ကာ ကျေးလက်တောင်သူများ၏အဓိက စီးပွားရေးလုပ်ငန်း ဖြစ်သည့်လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ဝင်ငွေများကျဆင်းလာခြင်းဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေး ဦးစီးဌာနမှ သော် လည်းကောင်း၊သက်ဆိုင်ရာ အဖွဲ့အစည်းများမှ သော်လည်းကောင်း မြေဆီလွှာထိန်းသိမ်းသည့် နည်းစနစ်များ၊စိုက်ပျိုးရေးနည်းလမ်းများ မျှဝေပေးမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ မြှင့်တင်ပေးရန် အထောက်ပြုနိုင်မည်ဖြစ်ကြောင်းလေ့လာ တွေ့ရှိရပါသည်။

(o-J) သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

